# မူတြော်တခွင် လက်နက်ကြီးဖြင့် ဒဏ်ခတ်ခြင်း

## ကရင်ပြည်နယ်မြောက်ပိုင်းတွင် အရပ်သားများအပေါ် လက်တုံ့ပြန် ပစ်ခတ်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများအား စစ်အုပ်စုတပ်ဖွဲ့များက အရှိန်မြှင့်



## အစီရင်ခံစာအနှစ်ချုပ်

၂၀၂၁ ခုနှစ် ဖွန်လမှစ၍ မြန်မာစစ်တပ် တပ်ဖွဲ့များသည် ၎င်းတို့၏ ရိက္ခာလမ်းကြောင်းများကို ဖြတ်တောက်ပစ်ပြီး ဤတောင်ထူထပ်သောဒေသတွင် ၎င်းတို့၏ ထိန်းချုပ်မှုကို ကျိုးပျက်စေသော ကရင့်အမျိုးသားအစည်းအရုံး၏ တိုးများလာနေသည့် ပြောက်ကျား တိုက်ခိုက်မှုများအား ကလဲ့စားချေသည့်အနေဖြင့် မူတြော် (ဖာပွန်) ခရိုင်တွင် အရပ်သားများအပေါ် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများနှင့် ဖိနှိပ်ညှဉ်းပမ်းမှုများအား အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုအများစုမှာ မူတြော်ခရိုင်တောင်ပိုင်း သံလွင်မြစ်ပေါ်ရှိ ကမမောင်းမှ စစ်အုပ်စုတပ်စခန်းများ အခြေစိုက်သည့် ဖာပွန်အထိ အဓိကလမ်းမကြီးတလျှောက်တွင် ဖြစ်ပွားသည်။ နေ့စဉ်နီးပါး ဒါဇင်နှင့် ချီသောလက်နက်ကြီးများ ပစ်ခတ်ခဲ့သည့် စက်တင်ဘာလအတွင်းတွင် လက်နက်ကြီးပစ်ခတ်မှု အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ လက်နက်ကြီးများကို ရွာများနှင့် ကွင်းပြင်များအတွင်း ဦးတည်ချက်မဲ့ ရမ်းသန်းပစ်ခတ်သောကြောင့် အရပ်သားထိခိုက်ဒဏ်ရာရမှုများနှင့် ပစ္စည်းဥစ္စာများကို ပျက်စီးစေခဲ့သော်လည်း စစ်ဘက်ဆိုင်ရာပစ်မှတ်များ ထိမှန်ခြင်း မရှိခဲ့ပေ။

ရန်ဘက်ပျောက်ကြားများကို တိုက်ရိုက်လက်စားချေနိုင်ခြင်းမရှိသည့်အတွက် စစ်အုပ်စု၏တပ်ဖွဲ့များသည် စုပေါင်းပြစ်ဒဏ်အတွက် အရပ်သားများကိုပစ်မှတ်ထားပြီး ပိုင်ဆိုင်မှုများကို လုယူ ဖျက်ဆီးခြင်း၊ ယောက်ျား မိန်းမများကို ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှင့် သူတို့ကို အထမ်းသမား ပေါ်တာများနှင့် လူသား ဒိုင်းများအဖြစ် အသုံးပြုခြင်းတို့ကို လုပ်ဆောင်သည်။

### KPSN အကြောင်း

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှုကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွါထွက်ပြေးတိမ်းရှောင်နေရသူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းစာနာမှု အထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသားလူမှုအသိုင်းအဝန်းများကိုလုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းအသိပညာပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တန့်မည့်၊ တန်းတူညီမျှသောငြိမ်းချမ်းရေးရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သည်။

### မာတိကာ



- အစီရင်ခံစာအနှစ်ချုပ်........................................ ၁
- တိုးမြှင့်လာသော KNU ၏ ပျောက်ကြားတိုက်ခိုက်မှုများကို တုန့်ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်က လက်နက်ကြီး ပစ်ခတ်မှုကို တိုးမြှင့်လျက်ရှိသည်........................................ ၂
- မြန်မာစစ်တပ်၏ လုယက်မှုနှင့် ရွာသားများ၏ ပိုင်ဆိုင်မှုများအား ဖျက်ဆီးမှုများတိုးများလာခြင်း........................................ ၄
- ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ လူသားဒိုင်းအဖြစ်အသုံးပြုခြင်း.................. ၅
- မူတြော်အနောက်တောင်ပိုင်းသို့ နေရပ်စွန့်ခွါ ထွက်ပြေးတိမ်းရှောင်မှု ပြန့်နှံ့လာခြင်း........................................ ၅
- သိမ်းဆည်းခံရ/ စွန့်ခွါသွားသော မြန်မာစစ်တပ်စခန်းများ.......................... ၇
- မြန်မာစစ်တပ်မှ လက်နက်ချမှုများ........................................ ၈


နိုဝင်ဘာလ ၂၀၂၁

# တိုးမြှင့်လာသော KNU ၏ ပျောက်ကြားတိုက်ခိုက်မှုများကို တုန့်ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်က လက်နက်ကြီး ပစ်ခတ်မှုကို တိုးမြှင့်လျက်ရှိသည်။

KPSN ၏ ၂၀၂၁ ခုနှစ် မေလ သတင်းအကျဉ်းချုပ် "ကောင်းကင်ယံ မှ အကြမ်းဖက်မှု" အစီရင်ခံစာတွင် မိမိတို့သည် မူတြော်ခရိုင်တွင် မြန်မာစစ်တပ်၏ ဆယ်စုနှစ်များ ကြာအောင် KNU ကို ခြေမှုန်းရန် ကြိုးပမ်းမှု၏ နောက်ခံသမိုင်းကြောင်းကို ဖော်ပြပေးထားသည်။ ၂၀၁၂ ခုနှစ် KNU ၏ အပစ်အခတ်ရပ်စဲမှု နောက်ပိုင်းတွင်ပင် မြန်မာစစ်တပ်က မူတြော်တွင် အခြေစိုက်စခန်းသစ်များ တည်ဆောက်ပြီး တပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများ အလျှင်အမြန် သယ်ယူပို့ဆောင်နိုင်သည့် လမ်းသစ်ကို စတင်ဖောက်လုပ်ခဲ့ကြသည်။ ၂၀၂၀ ခုနှစ်တွင် မြန်မာစစ်တပ်က လက်နက်ကြီးများဖြင့် တိုက်ခိုက်မှုများကို

## ၂၀၂၁ ဖွန်လ မှ နိုဝင်ဘာလအတွင်း စစ်တပ်မှ မူတြော်ဒေသအတွင်း လက်ကြီး ပစ်ခတ်ခဲ့သည့် မြေပုံ




စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုနှင့် အကြောက်တရား လွှမ်းမိုးစေသော နည်းနာများကြောင့် မူတြော်ခရိုင်တောင်ပိုင်းတွင်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှု အသစ်များဖြစ်ပွားခဲ့ပြီး ခရိုင်အတွင်း စုစုပေါင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူပေါင်း ၈၂,၀၀၀ ကျော်အထိရှိလာပြီသည်။ ယင်းမှာ ကျေးလက်နေလူဦးရေ၏အားလုံး နီးပါးဖြစ်သည်။ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများမှာ တောများအတွင်း ပုန်းခိုနေကြဆဲဖြစ်ပြီး မိုးရာသီကုန်ဆုံးပြီးနောက်ပိုင်း လေကြောင်းပစ်ခတ်မှုများအသစ်တဖန် လာရောက်မည်ကို စိုးရိမ်သောကြောင့် အိမ်မပြန်နိုင်ကြပဲ ရှိသည်။ ယခုနှစ်တွင် သူတို့၏ စပါးခင်းများစိုက်ပျိုးနိုင်မှု မရှိခြင်းကြောင့် သူတို့အတွက် အစားအစာ အကူအညီ အရေးပေါ်လိုအပ်လျက်ရှိသည်။ စစ်အုပ်စု၏ ထိန်းချုပ်မှု ဧရိယာ ကျဉ်းလာလျက်ရှိသည်။ KNU ၏ ပိတ်ဆို့မှုများနှင့် တိုက်ခိုက်မှုများကြောင့် အာကာသိမ်းသည့် အချိန်မှစ၍ မူတြော် ခရိုင်အတွင်း မြန်မာစစ်တပ်သည် တပ်စခန်းဆယ့်တစ်ခုကို စွန့်လွှတ်ခဲ့ရသည်။ စစ်အုပ်စု၏တပ်ဖွဲ့များမှာ စိတ်ဓါတ်ကျဆင်းနေကြပြီး ဒါဇင်နှင့် ချီသော တပ်ဖွဲ့ဝင်များမကြာသေးခင်ကာလအတွင်း မိမိတို့တပ်မှ ထွက်ပြေးလာခဲ့ကြသည်။ တပ်ပြေးများအား KPSN က မေးမြန်းခဲ့ရာတွင် တပ်ဖွဲ့ဝင်အများစုမှာ တပ်မတော်မှစွန့်ခွာလိုနေကြပြီး အမိန့်များကို နာခံလိုခြင်းမရှိတော့ကြောင်း ပြောပြကြသည်။

နိုင်ငံတဝှမ်း ခုခံတော်လှန်မှုများ ကြီးမားလှသည့်ဤအရေးကြီးသောအချိန်တွင် KPSN သည် နိုင်ငံတကာ အသိုင်းအဝိုင်းအား မြန်မာ ပြည်သူများနှင့်အတူ ရပ်တည်ရန်နှင့်တရားမဝင်အာဏာသိမ်းယူထားသော စစ်အုပ်စုနှင့် သံတမန်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုများအားလုံးကို ဖြတ်တောက်ရန်တောင်းဆိုလိုက်သည်။ KPSN က နိုင်ငံခြားအလှူရှင်များကိုလည်း ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ အခြားပဋိပက္ခသက်ရောက်ရာ ဧရိယာများရှိ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ များအား နယ်စပ်ဖြတ်ကျော် အကူအညီကို ချက်ချင်း တိုးမြှင့်ရန်လည်း တောင်းဆိုသည်။

တိုးမြှင့်ခဲ့သဖြင့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကရင် အမျိုးသား လွတ်မြောက်ရေးတပ်မတော်အနေဖြင့် မြန်မာ့တပ်မတော်အား KNU ထိန်းချုပ်နယ်မြေများမှ ဆုတ်ခွာပြီး ၂၀၂၀ ခုနှစ်အကုန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ခဲ့စဉ်ကစခန်းများ တည်ရှိခဲ့သည့်အတိုင်းစစ်စခန်းများ ပြန်လည် ရုတ်သိမ်းရန် ရာဇသံထုတ်ပြန်ခဲ့ရသည်။ ထုတ်ပြန်သောသတိ ပေးချက်ကို လစ်လျူရှုခဲ့သောကြောင့် KNU က မူတြော်ခရိုင်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆိုမှုကို တင်းကြပ်ခဲ့ရပြီး စစ်အာဏာသိမ်းပြီးနောက် ၂၀၂၁ ခုနှစ် မတ်လတွင် မြန်မာ တပ်မတော်စခန်းများအား တိုက်ခိုက်သိမ်းယူမှုများကို စတင်ခဲ့သည်။ မြန်မာစစ်တပ်က လက်နက်ကြီးများဖြင့်သာမက ဤနယ်မြေအတွင်း နှစ်ပေါင်း ၂၅ နှစ်ကျော်အတွင်းပထမဆုံးအကြိမ်အဖြစ်လေကြောင်း တိုက်ခိုက်မှုများဖြင့်ပါ လက်တုန့်ပြန်ခဲ့သည်။ ယင်းသည်ရွာသား ၇၀,၀၀၀ ကျော် အစုအပြုံလိုက် ရွှေ့ပြောင်းမှုများဖြစ်ပေါ်စေခဲ့ပြီး အများစုမှာ တောတွင်းသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထောင်နှင့်ချီသောလူများက ထိုင်းနိုင်ငံသို့ သံလွင်မြစ်ကိုဖြတ်ကာ ထွက်ပြေးခဲ့သော်လည်း ထိုင်းအာဏာပိုင်များက ရက်ပိုင်းအတွင်း ပြန်လည်မောင်းထုတ်ခဲ့သည်။

စစ်အုပ်စု၏ ကြောက်မက်ဖွယ် ပြင်းထန်သော ဝေဟင်နှင့် မြေပြင်ထိုးစစ်များသည် KNU အား မြန်မာစစ်တပ်အခြေစိုက်စခန်း များနှင့် မူတြော်ရှိ ထောက်ပံ့ရေးလမ်းကြောင်းများကို ပျောက်ကြား တိုက်ခိုက်မှုများလုပ်ဆောင်ရန် နိုးဆွပေးလိုက်ရုံသာ ဖြစ်စေသည်။ ဖွန်လမှစ၍ KNU က ကမမောင်းမှ စစ်အုပ်စု၏တပ်ဖွဲ့များ ဗဟိုပြု ရာတောင်ပိုင်း ဖားအံအထိ အဓိကပို့ဆောင်ရေးလမ်းကို အဓိက ပစ်မှတ်ထားခဲ့သည်။

KNU ၏ တိုက်ခိုက်မှုများကို လမ်းကြောင်းလွဲစေရန် ကြိုးပမ်းမှုအဖြစ် မြန်မာစစ်တပ်သည် ၎င်းတို့၏ အခြေစိုက်စခန်းများ မှ ရာနှင့်ချီသောလက်နက်ကြီးများနှင့် သေနတ်ကျည်များကို အရပ် သားတည်ရှိရာနေရာများအနီးဝန်းကျင်သို့ ဖြန့်ကျဲ ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများမှာ ရွာများနှင့် အနီးဝန်းကျင်ရှိ ယာတောများသို့ ကျရောက်ခဲ့ပြီး အိမ်များ၊ ပိုင်ဆိုင်မှုများ နှင့် တိရိစ္ဆာန်များကို ပျက်စီး စေခဲ့ကာ ဘုန်းကြီးတစ်ပါးအပါအဝင် အနည်းဆုံး လူရှစ်ဦးအား ဒဏ်ရာ ရစေခဲ့သည်။ ပစ်ခတ်မှုများကြောင့်လည်း ရွာသားတစ်ဦး သေဆုံးခဲ့ရသည်။ သို့ရာတွင် လက်နက်ကြီးပစ်ခတ်မှုများက မည်သည့် KNU စစ်ရေးပစ်မှတ်ကိုမျှ ထိမှန်ခြင်း မရှိခဲ့ပေ။



*စစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုမှ ကျန်ရစ်သော အပိုင်းအစများ*



*စစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် မီးလောင်နေသောမြင်ကွင်း*



*ရွာသားများမှ လက်နက်ကြီးပစ်ခတ်မှုများကြောင့် ရွာမှ ထွက်ပြေးနေစဉ်*



*စစ်တပ်မှ မီးရှို့သောကြောင့် လောင်ကျွမ်းပြာကျနေသော ရွာသားတစ်ဦး၏နေအိမ်*

### မူတြော်ခရိုင်တွင် မြန်မာ စစ်တပ်၏ လက်နက်ကြီး ပစ်ခတ်မှုများ

| စဉ် | ရက်စွဲ | လက်နက်ကြီး အရေအတွက် |
|---|---|---|
| ၁ | ၂၀၂၁ ခုနှစ် ဇွန်လ ၄ ရက် | ၄ |
| ၂ | ၂၀၂၁ ခုနှစ် ဇွန်လ ၆ ရက် | ၄ |
| ၃ | ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက် | ၄ |
| ၄ | ၂၀၂၁ ခုနှစ် ဇွန်လ ၉ ရက် | ၃ |
| ၅ | ၂၀၂၁ ခုနှစ် ဇွန်လ ၁၀ ရက် | ၄ |
| ၆ | ၂၀၂၁ ခုနှစ် ဇွန်လ ၁၁ ရက် | ၂ |
| ၇ | ၂၀၂၁ ခုနှစ် ဇွန်လ ၁၉ ရက် | ၃၀ |
| ၈ | ၂၀၂၁ ခုနှစ် ဇွန်လ ၂၀ ရက် | ၁၀ |
| ၉ | ၂၀၂၁ ခုနှစ် ဇွန်လ ၂၇ ရက် | ၁၅ |
| ၁၀ | ၂၀၂၁ ခုနှစ် ဇွန်လ ၂၉ ရက် | ၁၀ |
| ၁၁ | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၁ ရက် | ၈ |
| ၁၂ | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက် | ၁၈ |
| ၁၃ | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၆ ရက် | ၆ |
| ၁၄ | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက် | ၃၀ |
| ၁၅ | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၇ ရက် | ၃ |
| ၁၆ | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၈ ရက် | ၁၃ |
| ၁၇ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃ ရက် | ၃၀ |
| ၁၈ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၅ ရက် | ၃၈ |
| ၁၉ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၆ ရက် | ၁ |
| ၂၀ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက် | ၁၅၀ |
| ၂၁ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၉ ရက် | ၁၀ |
| ၂၂ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၀ ရက် | ၇ |
| ၂၃ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက် | ၅ |
| ၂၄ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက် | ၃၅ |
| ၂၅ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက် | ၅ |
| ၂၆ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက် | ၅ |
| ၂၇ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက် | ၁၂ |
| ၂၈ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၀ ရက် | ၁ |
| ၂၉ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက် | ၄၀ |
| ၃၀ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၆ ရက် | ၂၅ |
| ၃၁ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက် | ၁၃ |
| ၃၂ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၈ ရက် | ၁ |
| ၃၃ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ၃၅ |
| ၃၄ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၃ ရက် | ၄၀ |
| ၃၅ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက် | ၃၂ |
| ၃၆ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၇ ရက် | ၁ |
| ၃၇ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၈ ရက် | ၁၀ |
| ၃၈ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက် | ၆ |
| ၃၉ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ၂၅ ရက် | ၃ |
| ၄၀ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၆ ရက် | ၁၅ |
| ၄၁ | ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၉ ရက် | ၅၀ |
| ၄၂ | ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် | ၉ |
| ၄၃ | ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက် | ၃ |
| ၄၄ | ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် | ၁၁ |
| ၄၅ | ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက် | ၈ |
| ၄၆ | ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် | ၁ |
| | | ၇၇၀ |

## မြန်မာစစ်တပ်၏ လုယက်မှုနှင့် ရွာသားများ၏ ပိုင်ဆိုင်မှုများအားဖျက်ဆီးမှုများတိုးများလာခြင်း

၂၀၂၁ ခုနှစ် ဇွန်လ မှ စ၍ KPSN သည် မူတြော်ခရိုင်အတွင်း မြန်မာစစ်တပ်၏ လုယက်မှု ဖြစ်ရပ် အကြောင်းအများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အဓိကအားဖြင့် ရွာသားများမွေးမြူထားသော တိရိစ္ဆာန်များနှင့် စားနပ်ရိက္ခာများသာမက အဝတ်အစားများ၊ ကိရိယာ တန်ဆာပလာများ၊ လက်ကိုင်ဖုန်းများ၊ ဆိုလာပြားများ နှင့် ပိုက်ဆံများလည်း ပါဝင်သည်။

မကြာခဏ လုယက်မှု ဖြစ်ပွားနေရသော အကြောင်းရင်းမှာ ထောက်ပံ့ရေးလမ်းကြောင်းများကို KNU က ပိတ်ဆို့ထားသော ကြောင့် စားနပ်ရိက္ခာ မလုံမလောက် ဖြစ်နေခြင်း ဖြစ်နိုင်သည်။ လူသိများသော ဖြစ်ရပ်တစ်ခုမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် သံလွင်မြစ်ကမ်းကျောက်ညှပ်တွင် အခြေပြုသော ခမရ-၄၀၄ တပ်ရင်းမှ မြန်မာစစ်သား ဆယ့်နှစ်ဦးက မြစ်တလျောက် ကုန်ပစ္စည်း သယ်ပို့နေသော ထိုင်းလှေထံမှအစားအစာများ လုယူခြင်း ဖြစ်သည်။ ကျောက်ညှပ်သည် မူတြော်၏ အနောက်မြောက် မြစ်ကမ်းနယ်စပ်တွင် နောက်ဆုံးကျန်သော မြန်မာစစ်တပ်စခန်းများထဲမှတစ်ခုဖြစ်ပြီး စစ်သားများမှာ ဆန်ရိက္ခာ ပြတ်လပ်နေကြောင်း သိသာစေသည်။ စစ်သားများက လှေကို ရပ်တန့်စေရန် သေနတ်များပစ်ဖောက်ခဲ့ပြီး ဆန်ပေးရန် တောင်းခဲ့သည်။ လှေမှာ ဆန်သယ်လာခြင်းမဟုတ်သည့်အတွက် စစ်သားများက ဆန်အစား ကြက်များ၊ ဟင်းသီးဟင်းရွက်များနှင့် ခေါက်ဆွဲခြောက်များကို လုယူခဲ့ကြသည်။

သို့ရာတွင် အခြားသိသာသောအကြောင်းတစ်ခုမှာ KNU ၏ လုပ်ဆောင်မှုများကြောင့် ဆုံးရှုံးခဲ့ရမှုများအပေါ် လက်တုန့်ပြန်ခြင်းအဖြစ်မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များက လုယက်ရုံမျှသာမက ရွာသားများ၏ ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများကို တမင်သက်သက် ရိုက်ချိုးဖျက်ဆီးခဲ့သည်။ ဥပမာ- စက်တင်ဘာလ အစောပိုင်းအတွင်း ဖာပွန်မြို့သို့ အဓိက ထောက်ပံ့ရေး လမ်းကြောင်းပေါ်ရှိ မဲ့ပိုင်ပတ်ဝန်းကျင် တိုက်ပွဲများအတွင်း စစ်တပ်မှ အကျအဆုံးများစွာကြုံတွေ့ရပြီး နောက်တွင် စစ်အုပ်စု တပ်ဖွဲ့များက မဲ့ပိုင် ကျေးရွာအုပ်စု ခေါ်ဖိုးခီးရှိ ရွာသားများ၏ ပိုင်ဆိုင်မှုများအားလုံးကို လုယူဖျက်ဆီးခဲ့ကြသည်။

KPSN မှ အင်တာဗျူး မေးမြန်းခဲ့သော ခေါ်ဖိုးခီးမှ တိုက်ပွဲများကြောင့် ထွက်ပြေးလာသော အမျိုးသမီးတစ်ဦးက တလကြာပြီးနောက် အိမ်သို့ ပြန်ခဲ့စဉ် အတွင်း သူတွေ့ကြုံခဲ့ရသော ပျက်စီးမှုများကို ပြောပြသည်။ "တအိမ်လုံး ပစ္စည်းတွေ ပြန့်ကျဲနေတယ်။ အိုးတွေတချို့ဆိုရင် အပေါက်တွေဖြစ်နေပြီး နေရာမျိုးစုံကိုလျောက်ပစ်ထားတယ်။ သူတို့ ငါတို့ရဲ့ဆန်နဲ့ဆီတွေ ယူသွားတယ်။ အိမ်ထဲမှာ ချက်ပြုတ်စားပြီး သူတို့အိုးတွေ ပန်းကန်တွေထဲမှာ ချီးပါသွားတယ်။ သူတို့က ငါတို့စောင်တွေ၊ ခြင်ထောင်တွေနဲ့ အဝတ်တွေကို သန့်ရှင်းရေး လုပ်ဖို့ သုံးတယ်၊ အဲဒါပြီးတော့ ရေအိုင်တွေ ရွံ့ဗွက်တွေထဲမှာ ပစ်ထားပေးတယ်။"

## ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်း

မြန်မာစစ်တပ် တပ်ဖွဲ့များ အသုံးပြုသည် နောက်ထပ် အပြစ်ပေးသည့် ပုံစံမှာ ရွာသားများအား ဥပဒေမဲ့ဖမ်းဆီးပြီး နှိပ်စက်ညှင်းပမ်းခြင်းနှင့် ယောက်ျား မိန်းမများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်းဖြစ်သည်။

ဩဂုတ်လ ၁၂ ရက်နေ့တွင် ဖာပွန်တောင်ပိုင်း လမ်းမကြီးပေါ်ရှိ မထောတွင် အခြေစိုက်သော ခမရ-၄၀၇ တပ်ရင်းမှတပ်ဖွဲ့များသည် မထောမှ အသက် ၂၅၊ ၃၄ နှင့် ၄၅ နှစ်အရွယ်ရှိ အမျိုးသားရွာသားများကို ဖမ်းဆီးခဲ့ပြီး သူတို့ကို သေနတ်များဖြင့်ရိုက်ခဲ့ကြသည်။ ဩဂုတ်လ ၁၉ ရက်တွင် ခမရ-၃၄၁ နှင့် ခမရ-၄၀၁ မှ တပ်ဖွဲ့များက ဖာပွန် အရှေ့မြောက်ဘက်ရှိ တာကီးကိုရွာသို့ ဝင်ရောက်လာကြပြီး သူတို့၏တောင်ယာသို့ အလုပ်လုပ်ရန် သွားနေကြသည့် အသက် ၄၂၊ ၅၆ နှင့် ၆၅ နှစ်အရွယ်တို့ ရှိကြသော အသက်ကြီးပိုင်း အမျိုးသား သုံးဦးကို ဖမ်းဆီးခဲ့သည်။ သူတို့သည် ခေါင်းများတွင် ခြေထောက်ဖြင့်ကန်ကျောက် ရိုက်နှက်ခံရပြီးနောက်တွင် အတင်းအဓမ္မ ပေါ်တာထမ်းခဲ့ရပြီး တပ်ဖွဲ့များအတွက် လူသားဒိုင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။

KPSN က မူတြော်ခရိုင် တောင်ပိုင်းရှိ ဝဝေလေးရွာမှ အသက် ၆၇ အရွယ် အမျိုးသမီးတစ်ဦးကို အင်တာဗျူးလုပ်ခဲ့သည်။ သူသည် စက်တင်ဘာလအတွင်းက အခြား ရွာသား ၆ ယောက်နှင့်အတူ အဖမ်းခံခဲ့ရပြီး မြန်မာတပ်မတော် တပ်ဖွဲ့များနှင့် လိုက်ပါစေလျက် လူသား ဒိုင်းအဖြစ် အသုံးပြုခံခဲ့ရသည်။ လမ်းခရီးတွင် KNU နှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ သူသည် သေနတ်မှန်ခဲ့ပြီး ညာဘက်ခြေထောက်တွင် ပြင်းထန်သော ဒဏ်ရာ ရရှိခဲ့သည်။ ကံကောင်းထောက်မစွာ သူမကို ဒေသတွင်းရှိ ကရင်ဆေးခန်းတစ်ခုသို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည်။ ယခုအခါမှာတော့ သူ့ဒဏ်ရာများ ပျောက်ကင်းလာနေသည်။



၂၀၂၁ စက်တင်ဘာလ ၃ မှ ၇ ရက်အတွင်း မူတြော်ခရိုင် ဒွယ်လိုးမြို့နယ် မယ်ဝေ အုပ်စုအတွင်းရှိ ခပေခီး နှင့် မယ်ခေါ်ဖိုးခီး ကျေးရွာများမှ ရွာသားများ၏ ပစ္စည်းဥစ္စာများကို စစ်တပ်မှ ခိုးယူ ဖျက်ဆီးခဲ့သည့် မြင်ကွင်း။



*စစ်တပ်၏ လက်နက်ကြီး ပစ်ခတ်မှုမှ ကာကွယ်ရန်အတွက် နေအိမ်အောက်ရှိ ဗုံးခိုကျင်းအတွင်း ဝင်ရောက်နေသော ကလေးငယ်များ*




*BGF-1013 မှ တိုက်ခိုက်မှုများကြောင့် ကျွဲအပါအဝင် အိမ်မွေးတိရိစ္ဆာန်များ ဒဏ်ရာရ သေဆုံးခဲ့သည်*

## မူတြော်အနောက်တောင်ပိုင်းသို့ နေရပ်စွန့်ခွါ ထွက်ပြေးတိမ်းရှောင်မှု ပြန့်နှံ့လာခြင်း

၂၀၂၁ ခုနှစ်မေလတွင် မြန်မာစစ်တပ်၏ မြေပြင်နှင့်ဝေဟင် တိုက်ခိုက်မှုများကြောင့် မူတြော်ခရိုင်တွင် ရွာသား ၇၀,၇၃၈ ဦး နေရပ်စွန့်ခွါထွက်ပြေးသူများ ဖြစ်လာခဲ့သည်။ ထိုအချိန်မှ စ၍ စစ်အုပ်စု၏ လက်နက်ကြီးနှင့် ပစ်ခတ်ခြင်းနှင့် အခြား အကြောက်တရား ဖုံးလွှမ်းစေသော နည်းနာများကို အရပ်သားများအပေါ် ကျင့်သုံးခဲ့ခြင်းကြောင့် နောက်ထပ် အိုး အိမ်စွန့်ခွာမှု အသစ်များကို အထူးသဖြင့် မူတြော်ခရိုင်တောင်ပိုင်း ဒွယ်လိုး မြို့နယ်တွင် အဓိက ကြုံတွေ့ခဲ့ကြရသည်။

မူတြော်ခရိုင်အတွင်းရှိ စုစုပေါင်း ပြည်တွင်း နေရပ်စွန့်ခွါထွက်ပြေးသူ အရေအတွက်မှာ ယခုအခါ ၈၂,၂၂၀ ဦးအထိ မြင့်တက်လာပြီး ခရိုင်အတွင်းရှိ ကျေးလက်ဒေသလူဦးရေအားလုံးနီးပါးဖြစ်သည်။

| မြို့နယ် | ကျေးရွာစု | IDP ဦးရေ |
|---|---|---|
| လူသော | ဘောသေထ | ၁,၄၅၉ |
| | ရေးမူပလော | ၃,၆၄၁ |
| | ပလာခို | ၂,၅၈၃ |
| | စောမူပလော | ၉၆၉ |
| | တေးမူဒါး | ၂,၃၆၈ |
| | လာမူ ပလော | ၁,၃၆၇ |
| | နော်ရိုးထ | ၆,၂၇၆ |
| | ခေးပူ | ၄,၆၆၀ |
| | ကောလူဒါး | ၃,၁၀၄ |
| | ပေးကေး | ၄,၆၀၀ |
| | ကလောထ | ၃,၄၄၅ |
| | စုစုပေါင်း | ၃၄,၄၇၂ |
| ဘူးသို | မယ်နူး | ၁,၅၃၁ |
| | မယ့်ကျို | ၂,၂၉၃ |
| | ဘူအာဒါး | ၄,၄၂၁ |
| | ကော်ပူ | ၆,၅၀၈ |
| | ပါဟဲ | ၅,၆၉၀ |
| | မယ့်ကူ | ၁,၅၆၇ |
| | စုစုပေါင်း | ၂၂,၀၁၀ |
| ဒွယ်လိုး | မာထော | ၃,၄၇၆ |
| | မယ့်သူ | ၂,၇၁၃ |
| | မယ့်ဝိုင် | ၂,၈၇၃ |
| | ခူသူးထ | ၁,၀၅၈ |
| | မာလေးလာ | ၈၄ |
| | ထီးသဘာ လွတ်ထ | ၆,၀၇၀ |
| | ကာဒဲဒီ | ၆,၇၁၅ |
| | နားခိုခီး | ၂,၇၄၉ |
| | စုစုပေါင်း | ၂၅,၇၃၉ |
| အားလုံး စုစုပေါင်း | | ၈၂,၂၂၀ |




ပြည်တွင်း နေရပ်စွန့်ခွါထွက်ပြေးသူ အများစုမှာ တောများထဲတွင် ခိုလှုံနေကြရသည်။ အရွယ်ရောက်သော မိသားစုတွင် အချို့က တခါတရံတွင် သူတို့၏အိမ်များနှင့် သူတို့၏ခြံများသို့ ပြန်လည်ကြည့်ရှုကြသော်လည်း အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ အားလုံးနီးပါးမှာ မြန်မာစစ်တပ်၏ ဆက်လက်လုပ်ဆောင်နေသော လက်နက်ကြီးပစ်ခတ်မှုများနှင့် နှိပ်စက်ညှင်းပမ်းမှုများကြောင့် အိမ်မပြန်ရဲပဲ ပုန်းအောင်းနေကြသည်။ စစ်အုပ်စု၏ လေယာဉ်များနှင့် ဒရုန်းများ မကြာခဏ ပျံသန်းမှုရှိသောကြောင့် သူတို့သည် မိုးရာသီ ကုန်ဆုံးပြီး နောက်တွင် လေကြောင်းတိုက်ခိုက်မှုများ ထပ်ဖြစ်မည်ကိုလည်း စိုးရိမ်ကြသည်။

ပြည်တွင်း နေရပ်စွန့်ခွါထွက်ပြေးသူ အများစုမှ သူတို့၏ စပါးကွင်းများကို ယခုနှစ်တွင် စိုက်ပျိုးနိုင်စွမ်း မရှိခဲ့ကြပေ။ ထို့ကြောင့် ဆန်များ အရေးပေါ် လိုအပ်လျက်ရှိသည်။ အချို့သောအကူအညီများမှာ နယ်စပ်ဖြတ်ကျော်ထောက်ပံ့မှုများ ဖြစ်သော်လည်း ပိုမို တိုးများလာသည့် အစားအစာလိုအပ်ချက်ကို လုံလောက်အောင် ဖြေရှင်းပေးနိုင်ခြင်း မရှိပေ။




စစ်တပ်မှ စွန့်ပစ်ခဲ့သော ကေကော်ရှိ အခြေစိုက်တပ်စခန်း

## သိမ်းဆည်းခံရ/ စွန့်ခွာသွားသော မြန်မာစစ်တပ်စခန်းများ

၂၀၂၁ ခုနှစ် အစပိုင်း အာဏာမသိမ်းမီက မူတြော် ခရိုင်တွင် မြန်မာစစ်တပ် တပ်စခန်း ၈၁ ခု ရှိခဲ့သည်။ ထိုအထဲမှ ၁၆ ခုမှာ KNU ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နောက်ပိုင်းတွင်မှ တည်ဆောက်ထားခဲ့ခြင်း ဖြစ်သည်။ စစ်အာဏာသိမ်းပြီးနောက်တွင် ပိုမို တိုးများလာသော KNU ၏ ပျောက်ကြား တိုက်ခိုက်မှုနှင့် ထောက်ပံ့ရေးလမ်းကြောင်း ပိတ်ဆို့ ဖြတ်တောက်မှုများကြောင့် မြန်မာစစ်တပ် တပ်စခန်း ၁၁ ခု သိမ်းဆည်းရမိ သို့မဟုတ် မြန်မာ စစ်တပ်က စွန့်ခွာသွားမှုကို ဖြစ်စေခဲ့သည်။

သိမ်းဆည်း သို့မဟုတ် စွန့်ခွာ စစ်စခန်းအများစုမှာထိုင်းနိုင်ငံနှင့် နယ်စပ်ခြင်း ထိစပ်နေသော သံလွင်မြစ်တလျှောက် မူတြော်ခရိုင် အရှေ့ပိုင်းတွင်ဖြစ်သည်။ ထိုနယ်စပ်ရှေ့ထွက်စခန်းများ ဆုံးရှုံးရခြင်းသည် မြန်မာစစ်တပ်အတွက် မဟာဗျူဟာမြောက်သော နေရာများအား ဆုံးရှုံးလိုက်ရခြင်းဖြစ်ပြီး အကြောင်းမှာ သံလွင်မြစ်သည် အဓိက ထောက်ပံ့ရေး နှင့် ပို့ဆောင်ရေးလမ်းကြောင်း ဖြစ်နေသောကြောင့်ဖြစ်သည်။

### ၂၀၂၁ ဖေဖဝါရီလ ၁ ရက် စစ်အာဏာသိမ်းမှုနောက်ပိုင်း မူတြော် အတွင်းရှိ စစ်တပ်မှ စွန့်ပစ် (သို့) အသိမ်းပိုက်ခံခဲ့ရသော တပ်စခန်းများ




| စဉ် | ရက်စွဲ | တည်နေရာ | ခရိုင် | စွန့်ခွာ သို့မဟုတ် သိမ်းဆည်းရမိ |
|---|---|---|---|---|
| ၁ | ၂၀၂၁ ဖေဖော်ဝါရီ ၇ ရက် | ပေါ်ဟဲကျို့ | ဘူးသို | စွန့်ခွာ |
| ၂ | ၂၀၂၁ ဖေဖော်ဝါရီ ၁၆ ရက် | ကျော်ပိုးထ | လုသော | စွန့်ခွာ |
| ၃ | ၂၀၂၁ မတ်လ ၂၇ ရက် | သီးမူထ | ဘူးသို | သိမ်းဆည်းရ |
| ၄ | ၂၀၂၁ ဧပြီ ၁ ရက် | ကေကော် | ဒွယ်လိုး | စွန့်ခွာ |
| ၅ | ၂၀၂၁ ဧပြီ ၁ ရက် | ဝါမူ | ဒွယ်လိုး | စွန့်ခွာ |
| ၆ | ၂၀၂၁ ဧပြီ ၂၇ ရက် | မယ့်ရာထ | ဘူးသို | သိမ်းဆည်းရမိ |
| ၇ | ၂၀၂၁ မေ ၅ ရက် | ဖခေးကျိုး | ဘူးသို | စွန့်ခွာ |
| ၈ | ၂၀၂၁ ဧပြီ ၅ ရက် | မယ်ပေါ်မူထ | ဘူသို | စွန့်ခွာ |
| ၉ | ၂၀၂၁ မေလ ၅ ရက် | မိုးမူကျိုး | ဘူးသို | စွန့်ခွာ |
| ၁၀ | ၂၀၂၁ မေ ၅ ရက် | ဥသူးတ | ဘူးသို | စွန့်ခွာ |
| ၁၁ | ၂၀၂၁ ဇွန် ၁ ရက် | ရီးကြာထ | လုသော | စွန့်ခွာ |

# မြန်မာစစ်တပ်မှ လက်နက်ချမှုများ

"လူတိုင်းဟာ ထွက်ပြေးချင် ကြတယ်။" ဟု ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အင်တာဗျူး လုပ်ခဲ့သော မြန်မာစစ်တပ် ခမရ-၄၀၃ မှ လက်နက်ချစစ်သားက ပြောသည်။

ကရင်တပ်ဖွဲ့များ၏ ရိက္ခာ ပိတ်ဆို့မှုနှင့် တိုးမြှင့်လာသည့် တိုက်ခိုက်မှုများက စစ်အပ်စု တပ်ဖွဲ့ဝင်များကို သိသိသာသာ စိတ်ဓါတ် ကျဆင်းလာစေခဲ့ပုံ ရသည်။ အာဏာသိမ်းပြီး နောက်ပိုင်း မူတြော် ခရိုင်တစ်ခုထဲကိုပင် မြန်မာစစ်တပ် တပ်ရင်း ၁၆ ရင်းမှ စစ်သား ၂၈ ယောက် ကူးပြောင်းလက်နက်ချလာခဲ့သည်။

KPSN သည် အသက် ၁၆ နှစ် အရွယ် ကလေးစစ်သား ဟောင်းတစ်ဦးကို အင်တာဗျူး လုပ်ခဲ့သည်။ သူသည် စစ်တပ်အတွင်း သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ခမရ-၄၀၃ မှ ထွက်ပြေးလာခဲ့သူ ဖြစ်သည်။ ခမရ-၄၀၃ မှာ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် ၈ လက်အောက်ခံဖြစ်ပြီး ထားဝယ်တွင် အခြေစိုက်သော်လည်း ၂၀၂၀ ခုနှစ်တွင် မူတြော်သို့ စစ်ကူအဖြစ် တပ်ချထားခဲ့ခြင်း ဖြစ်သည်။ တပ်မှူးများမှာ တပ်ပြေးအရေအတွက်များပြားသောကြောင့် အလွန်စိုးရိမ်နေကြပြီး တပ်ဖွဲ့ဝင်များကို တပ်စခန်းများ အပြင်သို့ တာဝန်နှင့်မဟုတ်လျှင် လက်နက်ဖြင့်ထွက်ခွာမှုကိုတားမြစ်သည့် ကန့်သတ်မှုအသစ်များလုပ်ထားပြီး လစာများမပေးပဲ ထားသည်ဟု သူကပြောသည်။ ထိုအခြေအနေက တပ်ဖွဲ့ဝင်များကို စိတ်ဓါတ်ပိုမိုကျဆင်းစေပြီး အမိန့်နာခံမှုများ မရှိတော့ပဲ ဖြစ်စေသည်။

"တပ်မတော်က ဖွဲ့စည်းပုံ ပျက်နေပြီ" ဟု ထွက်ပြေးလာသူက ပြောသည်။

| မူတြော်တွင် မြန်မာစစ်တပ်မှ လက်နက်ချမှုများ ၂၀၂၁ ဖေဖဝါရီမှ အောက်တိုဘာလအတွင်း စစ်တပ်မှ တပ်ပြေးဇယား | |
|---|---|
| တပ်ရင်းအမှတ် | လက်နက်ချသူ အရေအတွက် နှင့် အဆင့် |
| ခလရ ၉၇ | တပ်သား ၁ |
| ခလရ ၂၆၄ | တပ်သား ၄ |
| ခလရ ၂၈၂ | ဒု ဗိုလ် ၁ |
| ခမရ ၂၀ | တပ်သား ၄ |
| ခမရ ၃၃၇ | တပ်သား ၁ |
| ခမရ ၃၄၀ | တပ်သား ၁ |
| ခမရ ၃၄၁ | တပ်သား ၁ |
| ခမရ ၃၄၉ | တပ်သား ၂၊ တပ်ကြပ် ၁ |
| ခမရ ၄၀၁ | တပ်သား ၄ |
| ခမရ ၄၀၂ | တပ်သား ၁ |
| ခမရ ၄၀၃ | တပ်သား ၂ |
| ခမရ ၄၀၄ | တပ်သား ၁ |
| ခမရ ၄၀၇ | တပ်သား ၁ |
| ဘီဂျီအက်ဖ် ၁၀၁၁ | တပ်ကြပ်ကြီး ၁ |
| ဘီဂျီအက်ဖ် ၁၀၁၉ | တပ်သား ၁ |
| ဘီဂျီအက်ဖ် ၁၀၂၂ | တပ်သား ၁ |



*၂၀၂၁ စက်တင်ဘာလ ၃ မှ ၇ ရက်အတွင်း မူတြော်ခရိုင် ဒွယ်လိုးမြို့နယ် မယ်ဝေ အုပ်စုအတွင်းရှိ ခပေခီး နှင့် မယ်ခေါ်ဖိုးခီး ကျေးရွာများမှ ရွာသားများ၏ဆန်များကို စစ်တပ်မှ မြေပေါ်တွင် ရည်ရွယ်ချက်ရှိရှိ သွန်ပစ်ထားခဲ့သော မြင်ကွင်း*



*မယ်ကော်လိုး ရွာတွင် စစ်တပ်၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့သော ရွာသားတစ်ဦး၏ တဲ*



*BGF-1012 တိုက်ခိုက်မှုကြောင့် ကရင်ရွာသား စောဖားကဲ ဦးခေါင်းတွင် ဒဏ်ရာရရှိစဉ်*



*စစ်တပ်၏လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျက်စီးလျက်ရှိသော နေအိမ်တွင် စက်ချုပ်နေလျက်ရှိသော ရွာသူတစ်ဦး*